# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 29 , 2023 Volume 72, Number 20

၂၉.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၇၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၄၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## Digital e-Commerce Platform ဆိုင်ရာစနစ်အတွက် စီမံခန့်ခွဲမှု (Administration) သင်တန်းဖွင့်ပွဲကျင်းပ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် Digital e-Commerce Platform ဆိုင်ရာစနစ်အတွက် စီမံခန့်ခွဲမှု (Administration) သင်တန်းကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက် (၁၀) နာရီအချိန်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ သင်တန်းခန်းမ၌ သင်တန်းဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက သင်တန်းဖွင့်အမှာစကားပြောကြားရာ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ "ကုန်သွယ်ရေးလုပ်ငန်းများမှာ ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်စေဖို့ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က တည်ဆောက်နေတဲ့ Digital e-commerce Platform ကို ပိုမိုသိရှိနားလည်ပြီး စီမံခန့်ခွဲမှု (Administration) တွေကို ဆောင်ရွက်နိုင်အောင် သင်ကြားပေးမဲ့သင်တန်းဖြစ်ကြောင်း၊ Digital e-Commerce Platform ကို အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို Digital e-Commerce Platform ပေါ်ကို ရောက်လာအောင် ရှင်းပြနိုင်ဖို့လိုပါကြောင်း၊ ကိုယ်တိုင်လည်း ဘယ်လိုသုံးရတယ်ဆိုတာ သိဖို့လိုအပ်ပါကြောင်း၊ ဒါကြောင့်လည်း ဒီသင်တန်းကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း" ပြောကြားပါသည်။

Digital e-Commerce Platform ကို အကျိုးရှိစွာအသုံးချနိုင်ရန် ဒေသဆိုင်ရာဦးစီးမှူးရုံးများက ဒေသတွင်းရှိ ပို့ကုန်လုပ်ငန်းရှင်များနဲ့ MSME များကို မိမိတို့ Digital e-Commerce Platform ရဲ့ ဝန်ဆောင်မှုတွေရှင်းပြနိုင်မှ ကိုယ်တိုင်ပါဝင်လိုစိတ်ရှိမှာဖြစ်ပြီး ကျွမ်းကျင်စွာအသုံးချနိုင်အောင် ဆက်လက်ကူညီဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပြည်ပရှိ စီးပွားရေးသံမှူးများက မိမိတို့နိုင်ငံမှ မြန်မာကုန်ပစ္စည်းများအကြောင်း စိတ်ဝင်စားသူများကို လေ့လာနိုင်မည့် Digital e-Commerce Platform တည်ရှိကြောင်းနှင့် ပြည်ပမှလုပ်ငန်းရှင်များကို ကျွမ်းကျင်စွာအသုံးချတတ်စေရန် ကူညီပံ့ပိုးပေးရမှာဖြစ်ပါကြောင်း၊ ရုံးချုပ်မှ ဝန်ထမ်းများအနေနဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများမှာ ဆက်နွယ်မှုရှိတဲ့ ပြည်ပကကုန်သည်လုပ်ငန်းရှင်တွေ၊ ကုန်စည်ပြပွဲများ သွားရောက်ပြသရာမှာ ညှိနှိုင်းဆွေးနွေးဘက် ပြည်ပကကုန်သည်လုပ်ငန်းရှင်များနဲ့ ပြည်တွင်းက MSMEs လုပ်ငန်းရှင်များကို မိမိတို့ဌာနရဲ့ Digital e-Commerce Platform ပေါ်ကိုရောက်ရှိလာအောင် ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲရဲ့ ICT ဌာနစုနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊ ဒီသင်တန်းမှာအသုံးပြုနည်းလမ်းညွှန်စာအုပ်များကိုပါ တစ်ပါတည်းဖြန့်ဝေထားတဲ့အတွက် သင်တန်းပြီးဆုံးတဲ့အခါမှာလည်း ဆက်လက်အသုံးချဆောင်ရွက်နိုင်ပါကြောင်း၊ ဒီ Platform ပေါ်ကို ပြည်တွင်းပြည်ပလုပ်ငန်းရှင်များက စိတ်ပါဝင်စားစွာ ပါဝင်အသုံးပြုမှသာ Platform တည်ဆောက်ရကျိုးနပ်မှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်းအင်အား (၇၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို (၃) ရက်ကြာ ဖွင့်လှစ်သင်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ စုစုပေါင်းအင်အား (၇၀) ဦး တက်ရောက်ခဲ့ကြပြီး၊ သင်တန်းကို (၃) ရက်ကြာ ဖွင့်လှစ်သင်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Source: Myantrade –TIR

## မြန်မာ့ထောပတ်သီးများကို ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချမည်



ယခုနှစ် ထောပတ်သီးရာသီချိန်တွင် ထွက်ရှိသော မြန်မာ့ထောပတ်သီးများကို ပြည်ပသို့တင်ပို့ရန် ကမ်းလှမ်းချက် များပြားနေသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်ကိုသာ အဓိကရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

"အီးယူတို့၊ ဒူဘိုင်းတို့ဆိုလည်း မြန်မာ့ထောပတ်သီးကို တင်သွင်းဖို့ ကမ်းလှမ်းချက်တွေ အရမ်းများတယ်။ ဒါပေမဲ့ အရမ်းဝေးတဲ့အတွက် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ စင်ကာပူနဲ့မလေးရှားနိုင်ငံတွေကိုပဲ တင်ပို့မှာပါ။ နောက်ပြီး ဒီနှစ်ပြည်တွင်းမှာလည်း ထောပတ်သီးဈေးကောင်းတယ်"ဟု မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

ယခုနှစ် ထောပတ်သီးရာသီစတင်ချိန်တွင် ကြမ်းခင်းဈေး တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀ အထိရရှိပြီး ယခင်နှစ်ကထက် ငွေကျပ် ၁၀၀၀ ပိုမိုရရှိကြောင်း သိရသည်။

"ဒီနှစ် ထောပတ်သီး ကြမ်းခင်းဈေးကောင်းတော့ ရာသီပိတ်ချိန်လည်း တစ်ကီလိုကို ငွေကျပ် ၆၀၀၀၊ ၇၀၀၀ လောက်ရဖို့ မှန်းထားတယ်။ လောလောဆယ် ပြည်တွင်းဈေးကွက်က ပိုကောင်းနေတော့ ပြည်တွင်းဈေးကွက်ကိုလည်း ကြိုးစားပြီး တိုးချဲ့မယ်" ဟု ဦးကျော်စိုးမင်းကပြောသည်။

လက်ရှိတွင် ထိုင်းနိုင်ငံသို့ ထောပတ်သီး တရားဝင်တင်ပို့နိုင်ရန် သက်ဆိုင်ရာမှတစ်ဆင့် ဆွေးနွေးမှုများရှိနေပြီး တရားဝင်တင်ပို့ခွင့်ရရှိပါက တောင်သူများအတွက် အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တို့၌ အများဆုံးစိုက်ပျိုးကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/48953

## ထိုင်းစားသောက်ကုန် ပြည်ပသို့ ၉ လတာတင်ပို့မှု ဘတ် ၁ ထရီလီယံကျော်သို့ ရောက်ရှိခဲ့

ယခုနှစ် ပထမကိုးလအတွင်း ထိုင်းစားသောက်ကုန် ပြည်ပတင်ပို့မှုမှာ ဘတ် ၁ ဒသမ ၁၆ ထရီလီယံရှိခဲ့ပြီး ယမန်နှစ်ကထက် ၄ ဒသမ ၆ ရာခိုင်နှုန်း ပိုများခဲ့သည်။

စိုက်ပျိုးထုတ်လုပ်မှုများကို လျော့နည်းစေသော မိုးနည်းပါးသည့်အခြေအနေကြောင့် အာဆီယံနှင့်တောင်အာရှတစ်ခွင် ထိုင်းစားသောက်ကုန် ဝယ်လိုအားမြင့်တက်ခဲ့သည်။

ထိုင်းနိုင်ငံတွင်လည်း စိုက်ပျိုးထုတ်လုပ်မှုများ လျော့ကျခဲ့သော်လည်း လတ်ဆတ်သစ်သီးများ၊ ဆန်နှင့်သကြားတို့ ပြည်ပသို့ တင်ပို့မှု၏မြင့်တက်ခဲ့သည်။ ၎င်းကုန်စည် ၃ မျိုးကို တရုတ်နှင့်အာဆီယံနိုင်ငံအချို့တို့ ယခင်ကထက်တိုးမြှင့်ဝယ်ယူ တင်သွင်းခဲ့ကြသည်။

စိုက်ပျိုးထုတ်ကုန် စက်မှုကုန်ကြမ်းများဖြစ်သည့် ပီလောပီနံ၊ နာနတ်သီးနှင့် skipjack တူနာငါးတို့သည် ဈေးနိမ့်ကျလျက်ရှိသဖြင့် ယင်းတို့အတွက် ပို့ကုန်ဝင်ငွေ လျော့ကျခဲ့သည်။

၂၀၂၃ ခုနှစ် တစ်နှစ်တာအတွက် ကြိုတင်ခန့်မှန်းထားသည်မှာ ထိုင်းစားသောက်ကုန် ဘတ် ၁ ဒသမ ၅၅ ထရီလီယံဖိုး တင်ပို့နိုင်မည်ဖြစ်သည်။ နောက်နှစ် ၂၀၂၄ ခုနှစ်တွင် ဘတ် ၁ ဒသမ ၆၅ ထရီလီယံဖိုး တင်ပို့နိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုအခါ ကမ္ဘာ့စားသောက်ကုန် တင်ပို့မှုအများဆုံးတင်ပို့သည့် နိုင်ငံများစာရင်းတွင် အဆင့် (၁၂) တွင် ရပ်တည်နေသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7241-food-export.html

## မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အောက်တိုဘာလ တစ်လလုံးတွင် ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင် အိတ်ရေ ၅၄၀၀ ထိသာ ရောင်းချခဲ့ရကာ လက်ရှိနိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့(နိုင်ဝင်ဘာလ ၂၄)ရက်နေ့ထိ ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် ထောပတ်ပဲနီများ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ(အပြားကြီး) ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်မှာ ထောပတ်ပဲနီ(အပြားကြီး) တွေအဝယ်လိုက်နေပြီး ပြည်ပပဲဈေးကွက်ကိုလည်း ပြည်ပတင်ပို့နေလို့ အခုလို ဝယ်လိုအား ကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေသိရတယ်။ လက်ရှိ နိုဝင်ဘာလ ပထမပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ အခုရက်ပိုင်းအတွင်း ထောပတ်ပဲနီ(အပြားကြီး)ကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့ အခြေအနေမှာရှိနေပါတယ်" ဟု မအူပင်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပင်လယ်ပန်းကဏန်းပိဿာချိန် ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပင်လယ်ပန်းကဏန်းတွေက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေကနေရရှိတာဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ပင်လယ်ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အောက်တိုဘာလက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာကလဲ ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုကပြောပြသည်။

လပွတ္တာမြို့နယ်မှ ပင်လယ်ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပန်းကဏန်းပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၂၇,၀၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မောင်တောနယ်စပ် ကုန်သွယ်ရေးဂိတ်မှ ပို့ကုန်တင်ပို့မှုသာရှိပြီး သွင်းကုန်တင်သွင်းမှု ရပ်တန့်နေ

ဘင်္ဂလားဒေ့ရှ်နှင့်ကုန်သွယ်မှုပြုလုပ်နေသည့် ရခိုင်ပြည်နယ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် ပို့ကုန်တင်ပို့မှုသာရှိပြီး သွင်းကုန်တင်သွင်းမှုရပ်တန့်နေကြောင်း သိရသည်။

နိုဝင်ဘာလ (၁) ရက်မှ (၂၁) ရက်အထိ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်မှ သွင်းကုန်တင်သွင်းနိုင်ခဲ့ခြင်းမရှိဘဲ ပို့ကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၂၈၆ သန်းတင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားသည့် စာရင်းများအရ သိရသည်။

အဆိုပါ ကာလအတွင်း မြန်မာနိုင်ငံမှ ကွမ်းသီး၊ တညင်းသီး၊ ချင်း၊ သရက်သီး၊ ငါးမြစ်ချင်း၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ငါးခေါင်းပွနှင့် ဆီးယိုထုတ်၊ ထွန်းရွှေဝါလိမ်းဆေး၊ သနပ်ခါးခဲတို့ကို တင်ပို့ခဲ့ကြောင်းသိရသည်။ "နယ်စပ်ပိတ်ရင်လည်း ရန်ကုန်ဆိပ်ကမ်း ပုံမှန်လမ်းကြောင်းကနေတင်ပို့ရင် စာရင်းဇယားတိကျပြီး နိုင်ငံတော်ဝင်ငွေပိုရနိုင်ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ်သို့ ပို့နေကျကုန်သည်တစ်ဦးကဆိုသည်။

နိုဝင်ဘာလအတွင်း မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလျာထားချက်တန်ဖိုးသည် ပို့ကုန်ကန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၀ ဒသမ ၀၃ သန်း စုစုပေါင်းကန်ဒေါ်လာ ၁ ဒသမ ၅၃ သန်းဖြစ်ပြီး၊ နိုဝင်ဘာ ၁၉ ရက်အထိ ကုန်သွယ်မှုစာရင်းအရ လျာထားချက်အပေါ် ၁၈ ဒသမ ၆၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=139287

## နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၈-၁၁-၂၀၂၃) မှ (၂၄-၁၁-၂၀၂၃)အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ကြက်သွန်နီနှင့်ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၉၂၁၉ ဒသမ ၃၆ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာ ထွက်ကုန်အနေဖြင့် ကြက်သွန်နီတန်ချိန် ၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ကြက်သွန်နီတန်ချိန် တင်ပို့မှု မရှိခဲ့ပါ။ ယခုအပတ် ကြက်သွန်နီတင်ပို့နိုင်မှုငွေပမာဏမှာ ၃၉၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးမြစ်ချင်းတန်ချိန် ၅၀ ဒသမ ၈၈ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်းတန်ချိန် ၁၁၆ ဒသမ ၈၈ တန် တင်ပို့ ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏမှာ ၆၅၆၁၉ ဒသမ ၃၆ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၃၅၇၂၃၄၈ ဒသမ ၃၃၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၅၃၁၉၄၃ ဒသမ ၂၂၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်း၊ ဖရဲသီး၊ ရွှေဖရုံသီးနှင့်ဆန်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၆၈၈၉၈၃ ဒသမ ၅၂၀ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၈၈၃၃၆၄ ဒသမ ၈၁၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ အခြားစက်ကျူများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ လူသုံးအခြားပစ္စည်းများ၊ ကုန်ထုတ်စက်ကျူများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ပလတ်စတစ်ပိုက်၊ အဝတ်အထည်များနှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၀၅၆၄၃ ဒသမ ၀၃၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၂၆၃၀၀ ဒသမ ၁၉၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၃၇ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၆ ဒသမ ၇၃ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်၏ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့်လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်း၊ ဖရဲသီး၊

ရွှေဖရုံသီးနှင့် ဆန်များတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၃၅၇,၂၃၄၈ ဒသမ ၃၃၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၂၉၃၉၈၈၂ ဒသမ ၆၃၀ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၆၃၂၄၆၅ ဒသမ ၇၀၀ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ အခြားစက်ကူးများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ လူသုံးအခြားပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ပလတ်စတစ်ပိုက်၊ အဝတ်အထည်များနှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၃၁၉၄၃ ဒသမ ၂၂၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၁,၅၇,၅၅၁ ဒသမ ၀၀၁ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၆,၂၅,၆၀၇ ဒသမ ၇၈၁ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၀,၄၀,၄၀၅ ဒသမ ၂၂၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၆ ဒသမ ၇၃ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှုးရုံး**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၇) လခွဲအတွင်း ပြည်ပသို့ ဆန်တန်ချိန် ခြောက်သိန်းကျော်တင်ပို့ထားပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးလျော့ကျ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၇) လခွဲအတွင်း ပြည်ပသို့ဆန်တန်ချိန် ခြောက်သိန်းကျော်တင်ပို့ထားပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးလျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ(ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၂,၇၀,၂၂၆ ဒသမ ၄၆၁ တန်တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၁၃၈ ဒသမ ၂၄၇ သန်းရရှိခဲ့သည်။ ဆန်ကွဲ တန်ချိန် ၂,၆၅,၂၈၁ ဒသမ ၆၅၀ တန်တင်ပို့မှု မှ တန်ဖိုးဒေါ်လာ ၁၀၇ ဒသမ ၈၆၇ သန်းဖြင့် စုစုပေါင်းဆန်နှင့်ဆန်ကွဲ တန်ချိန် ၅,၃၅,၅၀၈ ဒသမ ၁၁၁ တန်တင်ပို့မှုမှ တန်ဖိုး ဒေါ်လာ ၂၄၆ ဒသမ ၁၁၄ သန်း ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၅,၇၀,၅၈၃ ဒသမ ၂၅၀ တန်တင်ပို့မှုမှ တန်ဖိုး ဒေါ်လာ ၂၁၁ ဒသမ ၄၁၁ သန်း၊ ဆန်ကွဲတန်ချိန် ၄,၀၂,၇၅၃ ဒသမ ၅၅၀ တန်တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၁၃၁ ဒသမ ၈၀၅ သန်းဖြင့် စုစုပေါင်းဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၉,၇၃,၃၃၆ ဒသမ ၈၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၃၄၃ ဒသမ ၂၁၆ သန်း ရရှိခဲ့သည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃,၀၀,၃၅၆ ဒသမ ၇၈၉ တန်၊ တန်ဖိုး ဒေါ်လာ ၇၃ ဒသမ ၁၆၄ သန်းနှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၁,၃၇,၄၇၁ ဒသမ ၉၀၀ တန်၊ တန်ဖိုး ဒေါ်လာ ၂၃ ဒသမ ၉၃၈ သန်း လျော့နည်းခဲ့သည်။ ပင်လယ်ရေကြောင်းမှသာ တရုတ်သို့ဆန်တင်ပို့နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"တရုတ်နိုင်ငံက ဝယ်ယူမှုလည်းရှိပါတယ်။ နယ်စပ်ကုန်သွယ်မှုကလည်း လတ်တလောမှာ ဆောင်ရွက်နိုင်တဲ့အနေအထား မရှိပါဘူး။ ဒါပေမဲ့လည်း ပင်လယ်ရေကြောင်းက တရုတ်နိုင်ငံကို တင်ပို့တာရှိပါတယ်။ ဒီအချိန်မှာ တရုတ်နိုင်ငံက ဝယ်ယူတာထက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စတဲ့နိုင်ငံတွေ ဥရောပနိုင်ငံတွေက ဆန်၊ ဆန်ကွဲဝယ်ယူမှု ရှိပါတယ်။ ဒါကိုလည်း အားလုံးက ပြည်ပတင်ပို့ရောင်းချတဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပါတယ်" ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဆိုသည်။

ပြည်တွင်းဆန်ဈေးက မြင့်သည့်အနေအထားတွင်ရှိနေကြောင်း၊ ခြုံငုံသုံးသပ်ကြည့်ပါက ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ ဗီယက်နမ်၊ ပါကစ္စတန်အစရှိသည့်နိုင်ငံများ၏ ဈေးနှုန်းထက် မြန်မာ့ဆန်ဈေး မြင့်သည့်အနေအထားတွင်ရှိနေကြောင်း သိရသည်။

အခြားတစ်ဖက်တွင် နိုင်ငံခြားငွေမူဝါဒ ၅၀:၅၀ အရလည်း Export Price များ ဈေးကြီးမြင့်နေရခြင်းဖြစ်ကာ

ရောင်းချနိုင်သည့်အနေအထား နည်းနေရခြင်းဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

ပွင့်လင်းရာသီကာလဖြစ်သည့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် တိုးမြှင့်ရောင်းချနိုင်သည့် အနေအထားများကို ညှိနှိုင်းစီစဉ်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံမှ ပြည်ပသို့ နှစ်စဉ်ဆန်တန်ချိန် နှစ်သန်းတင်ပို့ရန် ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်းလည်း သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မူဆယ်နယ်စပ်တွင် ဖြစ်ပွားခဲ့သည့်ကုန်ကားများ မီးလောင်မှုအပါအဝင် တိုက်ပွဲများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ကြုံတွေ့နိုင်သည့်အခြေအနေများကို “နယ်စပ်ကတော့ ဒီဘက်နှစ်ပိုင်းတွေမှာပေ့ါ၊ ကိုဗစ်စဖြစ်တဲ့အချိန် ၂၀၂၀ ဒီဘက် နောက်ပိုင်းနှစ်တွေမှာ နယ်စပ်ကနေ တင်ပို့မှုက ဆန်နဲ့ဆန်ကွဲကို ပြောတာပေ့ါနော်။ ဆန်နဲ့ဆန်ကွဲနယ်စပ်တင်ပို့မှုက တော်တော်နည်းသွားပါတယ်။ အရင်ကဆို နယ်စပ်တင်ပို့မှု က ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းလောက်အထိရှိတယ်။ ဒါပေမဲ့ ဒီဘက်နှစ်ပိုင်းတွေမှာ နယ်စပ်တင်ပို့မှုက တော်တော်ကိုနည်းနေတဲ့ အနေအထား ဖြစ်ပါတယ်။ အထူးသဖြင့် ဖရဲ၊ သခွားတို့ တခြားသော လယ်ယာထွက်ကုန်တွေအတွက်ကတော့ ပိုပြီးအရေးကြီးမယ်လို့ ထင်ပါတယ်။ ဆန်နဲ့ဆန်ကွဲကတော့ နယ်စပ်တင်ပို့မှုက တော်တော်နည်းတဲ့အတွက်ကြောင့် သိပ်ပြီးအခက်အခဲတော့မရှိနိုင်ဘူး။ ဒါပေမဲ့ ကျန်တဲ့သီးနှံတွေ အထူးသဖြင့် ဖရဲ၊ သခွား၊ သရက်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကတော့ အခက်အခဲရှိနိုင်တဲ့ အနေအထားဖြစ်ပါတယ်”ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်က သုံးသပ်ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/284759

## STOCK EXCHANGE (29.11.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,700 | 8,800 | 8,700 | 5 | 43,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,900 | 134 | 389,900 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,600 | 468 | 748,800 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 200 | 400,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 22 | 107,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,210 | 2,006,550 | 23,804,946 | 39,278 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 29th Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.06 | +0.40 | +0.11% | 363.93 | 365.06 | 362.27 | 2,039 | 3,696,850 | 8 | 688,564 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 29th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

### Main Board

As of 1:00 pm, 29th Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,039 (Shares) | 32,696,850 (MMK) |

| MYANPIX | 365.06 ▲ 0.40 |
|---|---|
| Total Volume (shares) | 2,039 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,564 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,650 | ▼ 50 |

TIR

TIR